အမျိုးသမီးများအဖွဲ့ ချုပ် (မြန်မာနိုင်ငံ)

**Women's League of Burma**

# အဓမ္မပြုကျင့်ခံရသူ မဌေးဌေးစံသေဆုံးခြင်းနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်

(၂၀၁၅ခုနှစ်၊အောက်တိုဘာလ ၂၅ ရက်)

စစ်တွေမြို့၊ ညေဝတီ(က)ရပ်ကွက်တွင် နေထိုင်သူ အဖဦးအောင်လှစိန်၊ အမိဒေါ်ခင်ထွေးရီ (ကွယ်လွန်)၏ သမီးအငယ်ဆုံးဖြစ်သူ မဌေးဌေးစံ (အသက်၈)နှစ်သည် သူမ၏နေအိမ်၌ ၂၂၊၀၉၊၂၀၁၅နေ့ ည(၁၀း၃၀)နာရီအချိန်ခန့်တွင် စစ်တွေမြို့ ခြေမြန်တပ်ရင်း အမှတ်(၃၅၄)တွင် တာဝန်ထမ်းဆောင်နေသည့် ဒုတပ်ကြပ်နေဝင်းအောင်၏ အဓမ္မပြုကျင့်မှုကိုခံခဲ့ရသည်။

၂၃၊၀၉၊၂၀၁၅နေ့တွင် သူမအားဆေးကုသခံယူရန် စစ်တွေပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်အပြီး ထိုနေ့မှာပင် မဌေးဌေးစံ၏နေအိမ်သို့ ပြန်လည်ရောက်ရှိလာသည့် ပြစ်မှုကျူးလွန်သူ ဒုတပ်ကြပ်နေဝင်းအောင်အား ရဲနှင့်ရပ်ကွက်လူကြီးများကိုယ်တိုင် ဖမ်းဆီး၍ စစ်တွေမြို့၊ အမှတ်(၁)ရဲစခန်းတွင် ချုပ်နှောင်ထားခဲ့သည်။ အမှုဖွင့်ထားသည့် အမှတ်(၁)ရဲစခန်းမှ ၎င်းအမှုမှန်ပေါ်ပေါက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေစဉ် (၃)ရက်မြောက်နေ့ စက်တင်ဘာလ(၂၅)ရက်တွင် စစ်ခုံရုံး၌ စစ်ဆေးအရေးယူမည်ဖြစ်ကြောင်း မိခင်တပ်ရင်းမှတောင်းဆိုလာ၍ ၎င်းအားတာဝန်ကျရာ(၃၅၄)တပ်ရင်းသို့ လွှဲပြောင်းပေးခဲ့ရသည်။

သူမသည် အဓမ္မပြုကျင့်ခံရသည့်အပြင် အခြားတဖက်တွင် အဟာရချို့တဲ့သော ရောဂါဝေဒနာကို ပြင်းထန်စွာ ခံစားနေရသူလည်းဖြစ်သည်။ သူမဆေးကုသမှုခံယူနေစဉ်အတွင်း အမှုမှန်ပေါ်ပေါက်ရေးနှင့် သူမကျန်းမာနေကောင်းလာစေရေးတို့အတွက် ရခိုင်အမျိုးသမီးများ အစည်းအရုံး(RWU)အပါအဝင် စစ်တွေမြို့ပေါ်ရှိ လူမှုအဖွဲ့အစည်းများမှ ပိုင်းဝန်းကူညီစောင့်ရှောက်ပေးခဲ့ကြကြောင်း သိရသည်။ စစ်တွေပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသခံယူနေစဉ် သူမ၏ကျန်းမာရေးအခြေအနေ ဆိုးဝါးလာသောကြောင့်(၁၆)ရက်မြောက်နေ့ အောက်တိုဘာ(၈)ရက်တွင် စစ်တွေမြို့ရှိ လူမှုကွန်ယက်အဖွဲ့၏ စီစဉ်မှုဖြင့်ရန်ကုန်၊ ရန်ကင်းဆေးရုံသို့ သယ်ဆောင်လာပြီး ဆေးကုသခံယူနေရာမှ အောက်တိုဘာလ(၂၁)ရက်နေ့ မွန်းလွဲ(၁)နာရီ (၅)မိနစ်ခန့်တွင် သေဆုံးသွားခဲ့ရကြောင်း ကြားသိရသည်။

စစ်တွေပြည်သူ့ဆေးရုံတွင် ဆေးစစ်ချက်ခံယူခဲ့သည့်နေ့မှစ၍ ယနေ့အချိန်ထိ သူမ၏ဆေးစစ်ချက်ကို ထုတ်ပြန်ခြင်းမရှိသေးပါ။ သူမအား ဒုတပ်ကြပ်နေဝင်းအောင်မှ အဓမ္မပြုကျင့်ခဲ့သည်မှာ လုံးဝမှန်ကန်ကြောင်း မျက်မြင်ကိုယ်တွေ့ဖြစ်သည့် မိသားစုဝင်များမှ ထုတ်ဖေါ်ပြောဆိုခဲ့သည့်အပြင် ကျူးလွန်ခံရသူ မဌေးဌေးစံကိုယ်တိုင်မှလည်း သူမမသေဆုံးခင် ထိုနည်းအတိုင်း ကြိမ်ဖန်များစွာ ထုတ်ဖေါ်ပြောဆိုခဲ့သည်။ သို့သော် စစ်တွေပြည်သူ့ဆေးရုံ၌ ဆေးကုသခံယူနေခဲ့စဉ်အတွင်း သူမသေဆုံးသွားပြီဖြစ်ကြောင်းနှင့် အဓမ္မပြုကျင့်ခံရခြင်းမဟုတ်ကြောင်း ကောလဟာလသတင်းများ ကြိမ်ဖန်များစွာထွက်ပေါ်ခဲ့သည်။ ဤကဲ့သို့ မဟုတ်မမှန်သတင်းများ ထွက်ပေါ်လာခြင်းသည် အမှုမှန်ပေါ်ပေါက်ရေးကို မလိုလားသော သက်ဆိုင်ရာတပ်ရင်းမှ ဂါဒဖြန့်ကြံစည်ပြောဆိုခြင်းဖြစ်ကြောင်း မိမိတို့အဖွဲ့ချုပ်မှ ယူဆပါသည်။ တဖက်တွင်သူမ၏မိသားစုဝင်များကိုယ်တိုင် မုဒိမ်းမှုမြောက်ကြောင်း ထုတ်ဖေါ်ပြောဆိုနေသည့်ကြားမှ ရက်(၃၀)ကျော်ကြာလာသည့်တိုင် တာဝန်ရှိသူများမှ ဆေးစစ်ချက်ကို မထုတ်ဖေါ်ခြင်းမှာ အမှုမှန်ကိုဖျောက်ဖျက်လို၍သာ ဖြစ်သည်ဟု မိမိတို့အနေဖြင့် သုံးသပ်ပါသည်။

တိုင်းရင်းသူအမျိုးသမီးများသည် စစ်အစိုးရအဆက်ဆက် တပ်မတော်သားများ၏ အဓမ္မပြုကျင့်မှုပေါင်းများစွာ ကြုံတွေ့ခံစားခဲ့ကြသည်။ စစ်အာဏာရှင်စနစ်မှ ယနေ့ဒီမိုကရေစီလမ်းစဉ်ကို တက်လှမ်းနေသည့်မြန်မာနိုင်ငံတွင် တပ်မတော်သားများမှ တိုင်းရင်းသူအမျိုးသမီးများအပေါ် အဓမ္မပြုကျင့်နေမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းသည် ငြိမ်းချမ်း၍တရားမျှတသော ဒီမိုကရေစီလမ်းစဉ်ကို လက်ရှိအစိုးရမှ မလိုလားကြောင်း ပြသနေခြင်းဖြစ်သည်။ ထိုသို့တိုင်းရင်းသူ အမျိုးသမီးများဘဝ လုံခြုံမှုကင်းမဲ့နေဆဲဖြစ်ရခြင်းနှင့် ကျူးလွန်သူအပေါ် ထိရောက်စွာအရေးယူမည့်အစား ပြစ်ဒဏ်ကင်းလွတ်ခွင့်များကို စစ်တပ်တာဝန်ရှိသူများမှ ဖန်တီးပေးနေခြင်းမှာ စစ်အာဏာရှင်ခေတ်က နည်းတူ ကျူးလွန်ခွင့်ပြုသောစနစ်ကို ဆက်လက်သယ်ဆောင်ရာ ရောက်ကြောင်း ထုတ်ဖေါ်ပြောဆိုလိုက်သည်။

သို့ဖြစ်၍ တာဝန်ရှိသူများအနေဖြင့် အပြစ်မဲ့ပြည်သူများအပေါ် သစ္စာစောင့်သိသောအားဖြင့် မဌေးဌေးစံ အဓမ္မပြုကျင့်ခံရခြင်းနှင့်ပတ်သက်၍ အမှုမှန်ပေါ်ပေါက်ရေးနှင့် ကျူးလွန်သူအား အမြန်ဆုံးထိရောက်စွာ အရေးယူဆောင်ရွက်ရန် မိမိတို့အဖွဲ့ချုပ်မှ လေးနက်စွာတောင်းဆိုလိုက်သည်။ ထိုသို့မဟုတ်ပါက တိုင်းပြည်၏လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုတို့ကို ခြိမ်းခြောက်နေဦးမည်ဖြစ်သည့်အပြင် စစ်မှန်သောဒီမိုကရေစီနှင့် အလှမ်းဝေးနေဦးမည်ဖြစ်ရာ ပြည်သူလူထု၏ ယုံကြည်မှုအတွက် တပ်မတော်အနေနှင့် တရားမျှတမှုကိုရှေးရှု၍ ရပ်တည်လုပ်ဆောင်ပေးရန် မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)အနေဖြင့် ပြင်းပြင်းထန်ထန် တောင်းဆိုလိုက်သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

ဆက်သွယ်ရန် -

စောစံငြိမ်းသူ +၆၆ ၈၅၆၁၇၁၅၈၁

ငိုင်ငိုင်း + ၆၆ ၉ ၃၂၈၃၁၄၁၅